## Fourth Sunday of Easter (May 11, 2014)

**1st READING:** ***Acts 2:14a, 36-41***
တမန်တော်ဝတ္ထု ၂း၁၄၊ ၃၆–၄၁

ပေတရုသည်တစ်ဆယ့်နှစ်ပါးသောတမန်တော်တို့နှင့်အတူရပ်လျက်ကျယ်သောအသံဖြင့်လူပရိသတ်တို့အားဟောပြောသည်မှာဂျူးလူမျိုးအပေါင်းတို့၊ဤအကြောင်းအရာကိုသင်တို့သိကြစေရန်ငါ့စကားကိုအသေအချာနားထောင်ကြလော့။ ထို့ကြောင့်သင်တို့လက်ဝါးကပ်တိုင်တင်၍၊သတ်ခဲ့ကြသောယေရှုကိုဘုရားသခင်သည်အရှင်သခင်နှင့်ခရစ်တော်အဖြစ်ခန့်ထားတော်မူကြောင်းအစ္စရေးလ်တစ်မျိုးသားလုံးအတတ်အမှန်သိပါစေဟုဟောပြောလေ၏။ ပထမဦးဆုံးသောဘာသာဝင်လာသူများလူများသည်ဤစကားကိုကြားကြသောအခါ၊စိတ်နှလုံးပူဆွေးဝမ်းနည်းကြလျက်ပေတရုနှင့်အခြားတမန်တော်တို့အားညီအစ်ကိုတို့ငါတို့မည်သည့်အရာကိုပြုရမည်နည်းဟုမေးမြန်းကြ၏။ပေတရုကလည်းနောင်တရကြလော့။သင်တို့၏အပြစ်များအခွင့်လွှတ်ခြင်းခံရစေရန်ယေရှုခရစ်တော်၏နာမတော်၌သင်တို့အားလုံးတစ်ယောက်မကျန်၊ဆေးကြောခြင်းမင်္ဂလာကိုခံယူကြလော့။ထိုသို့ပြုလျှင်သင်တို့သည်သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးတော်ကိုခံကြရလိမ့်မည်။အကြောင်းမူကားကတိတော်သည်သင်တို့နှင့်သင်တို့၏သားသမီးများအတွက်လည်းကောင်း၊ဝေးလံသောအရပ်တွင်ရှိသောသူများတည်းဟူသောငါတို့အရှင်ထာဝရဘုရားကမိမိအထံတော်သို့ခေါ်ယူတော်မူသောသူများအတွက်လည်းကောင်းဖြစ၏ဟုပြန်ဖြေလေ၏။ ထို့အပြင်ပေတရုသည်အခြားသောစကားများဖြင့်သက်သေခံလျက်ဤဆိုးမိုက်ယုတ်မာသောလူမျိုးဆက်မှသင်တို့ကိုယ်သင်တို့ကယ်တင်ကြလောဟုထိုသူများအားတိုက်တွန်းနှိုးဆော်လေ၏။ထိုအခါသူ၏စကားကိုလက်ခံကြသောသူများသည်ဆေးကြောခြင်းမင်္ဂလာကိုခံယူကြသဖြင့်ထိုနေ့ရက်၌ယုံကြည်သူအရေအတွက်သုံးထောင်ခန့်တိုးပွားလာလေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  23:1-3a,3b-4, 5,6

ဆာလံကျမ်း ၂၃

**သံပြိုင်။** ။ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါ၌လိုလေသေးရှိမည်မဟုတ်။

***R* The Lord is my shepherd; there is nothing I shall want.**

၁။ ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါ၌လိုလေသေးရှိမည်မဟုတ်။ ကိုယ်တော်သည် ငါ့အားစိမ်းလန်းသောစားကျက်များ၌နားနေစေတော်မူ၍၊ငြိမ်သက်သာယာသောမြစ်ချောင်းများအနီးသို့ လမ်းပြခေါ်ဆောင်တော်မူ၏။ **သံပြိုင်။**

The LORD is my shepherd; I shall not want.In verdant pastures he gives me repose; beside restful waters he leads me; he refreshes my soul.

၂။ ကိုယ်တော်သည်ငါ့၏ဝိညာဉ်ကိုအားသစ်လောင်းပေးတော်မူ၍၊ကိုယ်တော်၏နာမတော်အဖို့အလို့ငှါ ငါ့အားလမ်းမှန်ကိုပြတော်မူ၏။သေခြင်း၏အရိပ်လွှမ်းမိုးသောချိုင့်ဝှမ်းအတွင်း၌ငါလျှောက်လှမ်းရသော် လည်းဘေးအန္တရာယ်ကိုမကြောက်ရွံ့ပါ။အကြောင်းမူကား၊ကိုယ်တော်သည်တပည့်တော်နှင့်အတူရှိတော်မူ၍ ကိုယ်တော်၏လှံတံတော်နှင့်တောင်ဝှေးတော်တို့သည်တပည့်တော်ကိုနှစ်သိမ့်မှုပေးပါ၏။ **သံပြိုင်။**

He guides me in right paths for his name's sake. Even though I walk in the dark valley I fear no evil; for you are at my side. With your rod and your staff that give me courage.

၃။ ကိုယ်တော်သည်တပည့်တော်၏ရန်သူအပေါင်းတို့၏ရှေ့မှောက်တွင်တပည့်တော်အတွက်စားပွဲကိုတည် ခင်းတော်မူပြီ။ တပည့်တော်၏ဦးခေါင်းကိုဆီနှင့်သွန်းလောင်းတော်မူပြီ။ တပည့်တော်၏ဖလားသည်လည်း ပြည့်လျှံလျက်ရှိပါ၏။ **သံပြိုင်။**

You spread the table before me in the sight of my foes; you anoint my head with oil; my cup overflows.

၄။ တပည့်တော်အသက်ရှင်နေရသည့်နေ့ရက်များအားလုံး၌ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့်သနား ကရုဏာတော်သည်တပည့်တော်နှင့်အတူဧကန်မုချရှိပါလိမ့်မည်။ တပည့်တော်သည်ထာဝရဘုရား၏ အိမ်တော်တွင်ဘဝသက်တာတစ်လျှောက်လုံး နေရ ပါလိမ့်မည်။ **သံပြိုင်။**

Only goodness and kindness follow me all the days of my life; and I shall dwell in the house of the LORD for years to come.

## 2nd READING: 1 Peter 2:20b-25

ရှင်ပေတရုသြဝါဒစာပထမစောင ၂း ၂၀–၂၅

သင်တို့သည်မိမိတို့ပြုမိသောအမှားများအတွက်အပြစ်ဒဏ်ခံရကြလျှင်သင်တို့အားအဘယ်သို့ချီးမွမ်းစရာအကြောင်းရှိမည်နည်း။သို့သော်သင်တို့သည်မှန်ကန်ရာကိုပြုသောအခါဆင်းရဲဒုက္ခခံရကြပါလျှင်ဘုရားသခင်၏ရှေ့မှောက်တော်၌အကျိုးကျေးဇူးခံစားရကြပေလိမ့်မည်။ဤသို့ပြုကျင့်ကြစေရန်သင်တို့သည်ရွေးကောက်ခြင်းခံရကြသည်။ခရစ်တော်သည်သင်တို့အတွက်ကိုယ်တော်တိုင်ဒုက္ခဝေဒနာခံထမ်းတော်မူ၍ကိုယ်တော်၏ခြေရာတော်ကိုသင်တို့နင်းနိုင်ကြစေရန်စံနမူနာထားတော်မူခဲ့၏။ထိုသခင်သည်အပြစ်ဒုစရိုက်ကိုပြုတော်မမူ။ နှုတ်အားဖြင့်လည်းမုသားစကားသုံးတော်မမူ။ကဲ့ရဲ့ပြောဆိုခြင်းခံရတော်မူသောအခါကဲ့ရဲ့ခြင်းဖြင့်တုံ့ပြန်တော်မမူ၊ဒုက္ခဝေဒနာခံထမ်းရသောအခါခြိမ်းခြောက်ကျိန်ဆဲခြင်းပြုတော်မမူဘဲဖြောင့်မှန်စွာစီရင်တော်မူသောဘုရားသခင်၏လက်တော်၌မိမိကိုယ်ကိုအပ်နှံတော်မူ၏။ ငါတို့သည်အပြစ်ဒုစရိုက်ပြုလုပ်ခြင်းများကိုအဆုံးသတ်ကြ၍ဖြောင့်မတ်စွာပြုလုပ်ခြင်းများအတွက်ရှင်သန်နိုင်ကြစေရန်ကိုယ်တော်သည်ငါတို့၏အပြစ်ဝန်ထုတ်ကိုထမ်းလျက်လက်ဝါးကပ်တိုင်၌ဒုက္ခဝေဒနာခံတော်မူ၏။ကိုယ်တော်၏ဒဏ်ရာတော်များအားဖြင့်သင်တို့သည်အပြစ်အနာအဆာမှပျောက်ကင်းချမ်းသာရာရခဲ့ကြသည်။အတိတ်ကာလ၌သင်တို့သည်လမ်းလွဲ၍ပျောက်နေသောသိုးကဲ့သို့ဖြစ်ကြသော်လည်းယခုကာလတွင်သင်တို့၏ဝိညာဉ်များကိုထိန်းသိမ်းစောင့်ရှောက်တော်မူသောသိုးထိန်းအရှင်ထံတော်သို့ပြန်လည်ရောက်ရှိကြလေပြီ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***John 10:1-10***
ရှင်ယောဟန်ဧဝံဂေလိကျမ်း **၁၀း ၁–၁၀**

သခင်ယေရှုးကသင်တို့အားငါဧကန်အမှန်ဆိုသည်ကားသိုးခြံထဲသို့တံခါးဝမှမဝင်ဘဲအခြားနည်းဖြင့်ဝင်သောသူတို့သည်သူခိုးဓါးပြဖြစ်၏။ တံခါးပေါက်မှဝင်သူသည်ကားသိုးတို့ကိုစောင့်ထိန်းသောသိုးထိန်းဖြစ်၏။ တံခါးစောင့်သည်သိုးထိန်းအားတံခါးဖွင့်၍ ပေးတတ်၏။ သိုးတို့သည်သိုးထိန်း၏အသံကိုနားထောင်တတ်ကြ၏။သူသည်မိမိသိုးတို့ကိုအမည်ဖြင့်ခေါ်၍သိုးခြံတွင်းမှထုတ်ဆောင်တတ်၏။သူသည်သိုးတို့ကိုခေါ်ထုတ်ပြီးလျှင်သိုးတို့၏အရှေ့မှဦးဆောင်၍သွားတတ်၏။သိုးတို့သည်လည်းသူ့အသံကိုသိသဖြင့်သူ၏နောက်မှလိုက်ကြ၏။သိုးတို့သည်သူစိမ်း၏နောက်သို့မလိုက်ကြ။သိုးတို့သည်သူစိမ်း၏အသံကိုမသိသောကြောင့်သူ့ထံမှထွက်ပြေးကြလိမ့်မည်ဟုမိန့်တော်မူ၏။သခင်ယေရှုးသည်ဤပုံပမာကိုသူ့တို့အားမိန့်တော်မူသော်လည်းထိုသူတို့သည်ကိုယ်တော်မိန့်တော်မူသည့်ပုံပမာ၏အနက်အဓိပ္ပါယ်ကိုနားမလည်ကြ။ ထို့ကြောင့်သခင်ယေရှုးကသူတို့အားတဖန်မိန့်တော်မူသည်မှာသင်တို့အားငါဧကန်အမှန်ဆိုသည်ကားငါသည်သိုးတို့ဝင်သောတံခါးဝဖြစ်၏။ငါ့ထက်အလျင်ရောက်လာသောသူအပေါင်းတို့သည်သူခိုး၊ဓားပြများဖြစ်ကြ၏။သို့သော်သိုးတို့သည်ထိုသူတို့ကိုနားမထောင်ကြ။ငါသည်တံခါးဝဖြစ်၏။ငါ့အားဖြင့်ဝင်သောသူသည်ဘေးအန္တရာယ်ကင်းလွတ်၍ဝင်ထွက်သွားလာနိုင်လျှက်စားကျက်ကိုတွေ့ရလိမ့်မည်။ သူခိုးသည်ခိုးယူသတ်ဖြတ်ဖျက်ဆီးရန်သာလာ၏။ငါမူကားသူတို့သည်အသက်ရှင်ရုံသာမကကြွယ်ဝပြည့်စုံသောအသက်ကိုရရှိစေခြင်းငှါလာသတည်း။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။